Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၇၂)　　　　　　　　　　　　　　　　　နေ့စွဲ။ ၄.၁၁.၂၀၁၅ (ဗုဒ္ဓဟူးနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၄.၁၁.၁၅ | 7 Day Daily No (907) p (A3) | ဦးသိန်းစိန် | **သမ္မတဦးသိန်းစိန် မြောက်ဦးစေတီထီးတင်ပွဲသို့ ပြည်ခိုင်ဖြိုးပါတီဝင်များ တက်ရောက်**<br>ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၃ ရက်တွင် မြောက်ဦးမြို့သို့ ရောက်ရှိလာပြီး မြို့ဦးခေါင်းဆောင်ခြေရင်းရှိ စေတီထီးတော်တင်ပွဲ ကျင်းပရာ ပြည်ခိုင်ဖြိုးပါတီဝင်အများအပြား ပါတီအမှတ်တံဆိပ်ဝတ်စုံ ဝတ်ဆင်ထားသူ နှစ်ထောင်ခန့် တက်ရောက်ခဲ့သည်။ မြောက်ဦးမြို့စေတီ ထီးတော်တင်ပွဲသို့ ရောက်ရှိလာသည့် သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်နှင့် ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ယှဉ်ပြိုင်မည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ပြည်ခိုင်ဖြိုးပါတီဥက္ကဌ ဦးမောင်မောင်အုန်းတို့လည်း လိုက်ပါခဲ့ကြသည်။ ထမ္မရာဇ်ရပ်ကွက်တွင် ရေဘေးသင့် မြောက်ဦးဒေသခံများအတွက် စီဘီဘဏ်က တည်ဆောက်ပေးနေသည့် အိမ်များသို့ လေ့လာခဲ့ပြီး မြောက်ဦးမြို့မှ မင်းပြားမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။<br>မောင်ကံ |
| ၂ | ၄.၁၁.၁၅ | 7 Day Daily No (907) p (A4) | ဦးသိန်းစိန် | **ရွေးကောက်ပွဲရလဒ်သည် ပြည်သူများ၏ ဆန္ဒအစစ်အမှန်ထင်ဟပ်မည်ဟု ယုံကြည်ကြောင်း သမ္မတပြော**<br>လာမည့်ရွေးကောက်ပွဲတွင် ထွက်ပေါ်လာမည့် ရလဒ်များသည် ပြည်သူများ၏ ဆန္ဒအစစ်အမှန် ထင်ဟပ်မည်ဟု ယုံကြည်ထားကာ နိုင်ငံရေးပါတီများနှင့် လူပုဂ္ဂိုလ်အသီးသီးမှလည်း ရလဒ်အပေါ် အလေးထားကြိုဆိုရန် ရွေးကောက်ပွဲကျင်းပရန် ၅ ရက်အလိုတွင် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။ ရွေးကောက်ပွဲအလွန်ကာလတွင် နိုင်ငံရေးအင်အားစုများ လက်ခံနိုင်သည့် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် ခေါင်းဆောင်များအားလုံး ဆွေးနွေးညှိနှိုင်းပူးပေါင်း အဖြေရှာရန်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကပြောသည်။ထို့ပြင် နိုင်ငံတော်သမ္မတသည် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ပြောကြားခဲ့ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့မှု အပါအဝင် ငြိမ်းချမ်း |

| | | | | |
|---|---|---|---|---|
| | | | | ရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိအစိုးရသက်တမ်းတွင် ဆောင်ရွက်ချက်များကို ပြောကြားခဲ့သည်။<br>မင်းဟိန်းကျော် |
| ၃ | ၄.၁၁.၁၅ | Daily Eleven Pg (16) | ဒေါ်အောင်ဆန်းစုကြည် | **ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD ပါတီနှင့် ပူးပေါင်းဆောင်ရွက်လိုပြီး ၎င်းတို့ကို "ဝ" အထူးဒေသသို့ ဖိတ်ခေါ်လိုကြောင်း "ဝ" ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်ပြော**<br>ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD ပါတီနှင့် ပူးပေါင်းဆောင်ရွက်လိုပြီး ၎င်းတို့အား "ဝ" အထူးဒေသသို့ ဖိတ်ခေါ်လိုကြောင်း "ဝ" ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် ရှောက်မင်လျှံက နိုဝင်ဘာ ၃ ရက်နေ့က ပန်းညီလာခံနောက်ဆုံးနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ NLD ပါတီနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုလားသောကြောင့် မိမိတို့ဒေသသို့ လာရောက်လေ့လာမှုများပြုလုပ်ရန် ဖိတ်ကြားခဲ့သော်လည်း တုံ့ပြန်မှုမရရှိခဲ့ကြောင်းနှင့် သတင်းဌာနများအားလည်း ပြန်လည်ပြောကြားပေးပါရန် တောင်းဆိုခဲ့သည်။ ထို့ပြင် ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေလိုကြောင်းနှင့် မည်သည့်ပါတီအနိုင်ရသည်ဖြစ်စေ အစိုးရအဖွဲ့သစ်နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုလားသည်ဟု ရှောက်မင်လျှံက ပြောကြားခဲ့သည်။ |
| ၄ | ၄.၁၁.၁၅ | 7 Day Daily No (907) p (A1,A2) | ဒေါ်အောင်ဆန်းစုကြည် | **ကိုကိုးကျွန်းနှင့် အသက်အသွယ်မရသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ တယ်လီဖုန်းဖြင့် ဟောပြောမည့် အစီအစဉ်ရွှေ့ဆိုင်း**<br>ကိုကိုးကျွန်းရှိ ပြည်သူများ အကြောက်တရားကင်းစင်ပြီး လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည် ၏ တယ်လီဖုန်းမှတစ်ဆင့် ဟောပြောမှုအစီအစဉ်ကို ကျွန်းပေါ်ရှိ တယ်လီဖုန်းဖြင့် ဆက်သွယ်၍မရသဖြင့် ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီတွင် ကိုကိုးကျွန်းရှိ ပြည်သူများကို တယ်လီဖုန်းမှတစ်ဆင့် အားပေးစကားပြောရန် စီစဉ်ထားသဖြင့် ကျွန်းပေါ်ရှိ NLD အဖွဲ့ဝင်များ၏ ဖုန်းနံပါတ်များသို့ တစ်နာရီကြာ ခေါ်ဆိုသော်လည်းဆက်သွယ်၍မရခဲ့ကြောင်း ဒီချုပ်ဗဟိုအလုပ်အမှုဆောင် ဦးဝင်းထိန်ကပြောသည်။ နိုဝင်ဘာ ၃ ရက်တွင် ဆက်သွယ်မှုမရခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောမှု အစီအစဉ်ကို လက်လျှော့သွားမည်မဟုတ်ကြောင်းနှင့် ထပ်မံစီစဉ်သွားမည်ဖြစ်ကြောင်း ဦးဝင်းထိန်ကဆိုသည်။<br>ရန်မျိုးနိုင် |
| ၅ | ၄.၁၁.၁၅ | 7 Day Daily No (907) p (A1,A2) | Election | **ဒေါက်တာညီညီသင်း ပိုင်ဆိုင်မှုများချပြ**<br>ရွေးကောက်ပွဲတွင် ဗဟန်းမဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်မည့် ဒေါက်တာညီညီသင်းက ပိုင်ဆိုင်မှုများကို ၎င်း၏ဖေ့စ်ဘွတ်ခ် |

| | | | | |
|---|---|---|---|---|
| | | | | စာမျက်နှာမှတစ်ဆင့် နိုဝင်ဘာ ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ပြည်သူလူထု၏ ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် အခြားမဏ္ဍိုင်နှစ်ရပ်ကို တည့်မတ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်က စင်ကြယ်ကြရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ မိမိ၏ပိုင်ဆိုင်မှုများကို ချပြခြင်းဖြစ်ကြောင်းပြောသည်။ နောင်တစ်ချိန်တွင် ဒေါက်တာညီညီသင်းအား တစ်စုံတစ်ဦး၊ အဖွဲ့အစည်းတစ်ခုက ငွေဖြင့် ဝယ်ယူသွားသည်ဆိုသည့် ကိစ္စရပ်မျိုး ပြည်သူများအကြား သံသယမပွားစေရန် မိမိပိုင်ဆိုင်သည့် ပိုင်ဆိုင်မှုအားလုံးကို ပြည်သူများထံ ထုတ်ဖော်ခြင်းဖြစ်ကြောင်းပြောသည်။<br>မင်းဟိန်းကျော် |
| ၆ | ၄.၁၁.၁၅ | 7 Day Daily No (907) p (A4) ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၀) p (2) | Election | ပြည်သူလက်ထဲရှိ မဲပြားသည် လက်နက်ကျည်ဆန်များထက် တိုင်းပြည်အကျိုးကို လုပ်နိုင်ကြောင်း ပြရမည်ဟု ဦးသုဝေပြော<br>ရွေးကောက်ပွဲအောင်နိုင်ရေး မဲဆွယ်စည်းရုံးဟောပြောပွဲနှင့် ပါတီကိုယ်စားပြုယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအား ပြည်သူထံ မိတ်ဆက်ပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မဟာဗန္ဓုလပန်းခြံရှေ့တွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ကျင်းပပြုလုပ်သည့်ပွဲတွင်ပြောသည်။ ယင်းဟောပြောပွဲသို့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ဦးသုဝေကိုယ်တိုင် တက်ရောက်ခဲ့ပြီး ဦးသုဝေက မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ဒီမိုကရေစီစနစ်အကြောင်းပြောကြားခဲ့သည်။ လူထုမှ ရွေးကောက်တင်မြှောက်သူသည် လူကောင်းဖြစ်ပြီး၊ လူကောင်းမတော်ဘူးဆိုလျှင် တည်ဆောက်ရေးလုပ်ငန်းများတွင် နေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လူထုကြီးရဲ့တာဝန်သည် တော်လည်းတော်ရမည်၊ ကောင်းလည်းကောင်းသည့်လူတွေကို ရွေးကောက်တင်မြှောက်ရမည်ဟုပြောသည်။ ဦးသုဝေသည် လာမည့် ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ယှဉ်ပြိုင်မည်ဖြစ်ကာ ရွေးကောက်ပွဲယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။<br>ရန်မျိုးနိုင် |
| ၇ | ၄.၁၁.၁၅ | လူထုပုံရိပ် Vlo (4) No (7) p (C) | Election | **ရွေးကောက်ပွဲကို စောင့်ကြည့်ရန် ANFREL က ကာလတို စောင့်ကြည့်သူ ၂၇ ဦးစေလွှတ်**<br>မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကိုကာလတို စောင့်ကြည့်လေ့လာရန်အတွက် Asian Network For Free Election က လေ့လာစောင့်ကြည့်သူ ၂၇ ဦးကို နိုဝင်ဘာ ၃ ရက်က မြန်မာနိုင်ငံသို့ စေလွှတ်လိုက်ကြောင်း ANFREL က နိုဝင်ဘာ ၃ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် |

| | | | | |
|---|---|---|---|---|
| | | | | လောင်းများအနေဖြင့် ၄င်းတို့၏ကျင့်ဝတ်များကို ကောင်းမွန်စွာ လိုက်နာရန် သဘောတူခြင်းသည် တူညီသော ရည်ရွယ်ချက်သို့ ရောက်နိုင်ရန်အလွန်အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ANFREL ၏ ဥက္ကဋ္ဌ Mr.Damaso Magbual ကပြောသည်။ လုံခြုံရေးလုပ်ငန်းများကို စေ့စပ်သေချာစွာ လုပ်ဆောင်ရန်လိုအပ်သလို ပါတီများ၊ ဘာသာရေးခေါင်းဆောင်များမှလည်း ငြိမ်းချမ်းသော ရွေးကောက်ပွဲဖြစ်ရန်နှင့် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး တင်းမာမှုများလျော့နည်းစေရန်အတွက် စကားပြောဆို ဟောပြောရာတွင် အားလုံးပါဝင်စေသော အသုံးအနှုန်းများကို အသုံးပြုရန်လိုကြောင်း Asian Network For Free Election ကို ၁၉၉၇ နိုဝင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားပြီး အာရှရွေးကောက်ပွဲနှင့် ဒီမိုကရေစီမြှင့်တင်ရန် ဒေသခံတွင် အရေးပါနာမည်ရသော NGO အဖွဲ့တစ်ခုဖြစ်ကြောင်းသိရသည်။<br>လင်းလင်း |
| ၈ | ၄.၁၁.၁၅ | Daily Eleven Pg (17) | Election | **မဲလက်မှတ်ရိုက်နိပ်သည့် စက္ကူသည် အဝါရောင်ဖြစ်သဖြင့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလအမှတ်တံဆိပ်များတွင် အဖြူရောင်အစား အဝါရောင်ဖြစ်နေခြင်းအား မဲဆန္ဒရှင်များအား ရှင်းပြရန် ကော်မရှင် ထုတ်ပြန်**<br>မဲလက်မှတ်ရိုက်နိပ်သည့် စက္ကူသည် အဝါရောင်ဖြစ်သောကြောင့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလအမှတ်တံဆိပ်များတွင် အဖြူရောင်အစား အဝါရောင်ဖြစ်နေခြင်းအား ကိုယ်စားလှယ်လောင်းများမှ မဲဆန္ဒရှင်များအားရှင်းပြကြရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၃ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ အတုအပ မပြုလုပ်နိုင်ရန်နှင့် မလိုလားအပ်သော စွပ်စွဲပြစ်တင်မှုများမဖြစ်စေရန်အတွက် အင်ဒိုနီးရှားနိုင်ငံ PT Pura စက်ရုံမှတင်သွင်းသည့် လုံခြုံရေးအမှတ်အသားပါ Light Yellow W/F Paper (80 gsm) အမျိုးအစား အဝါရောင်စက္ကူအား မှာယူတင်သွင်းပြီး ဆန္ဒမဲလက်မှတ်များ ရိုက်နိပ်ခဲ့ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း မဲလက်မှတ်တွင် ပါရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလနှင့် အမှတ်တံဆိပ် (Logo) များကို သတိပြု၍ မှန်ကန်စွာဆန္ဒပြုကြရန်လည်း ကော်မရှင်က ထုတ်ပြန်ချက်တွင် တိုက်တွန်းထားသည်။ |
| ၉ | ၆.၁၁.၁၅ | MYANMAR REVIEW အတွဲ(၂) အမှတ် (၁၈) Pg (4) | Election | **ရွေးကောက်ပွဲကာလ မြန်မာ- ထိုင်းနယ်စပ်ဂိတ်အချို့ ပိတ်ထားပြီး တပ်အင်အားတိုးမြှင့်ချထားမည်ဟု ထိုင်းအာဏာပိုင်များ ပြော**<br>မြန်မာနိုင်ငံတွင် မကြာခင်ကျင်းပတော့မည့် ရွေးကောက်ပွဲကြောင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်တစ်လေဆာက်ရှိ မဲဆောက်-မြဝတီတံတားဂိတ်ကိုသာဖွင့်လှစ်ပြီး အခြားနယ်စပ်ဂိတ် |

| | | | | |
|---|---|---|---|---|
| | | | | များကို နိုဝင်ဘာ ၃ ရက်မှ ၈ ရက်နေ့အထိ ပိတ်ထားမည်ဟု ဘန်ကောက်ပို့စ်သတင်းစာက ရေးသားဖော်ပြလာသည်။ မဲဆောက်၊ ဖုဖရ၊ မယ်လမတ်နှင့် တအောင်ရမ်းဒေသရှိ နယ်စပ်ဖြတ်ကျော်ဂိတ်အချို့နှင့် သောင်ရင်းမြစ်ကိုဖြတ်၍ ကုန်ပစ္စည်းများနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားများသွားလာသည့် ကူးတို့ဆိပ် ၂၀ ကိုလည်း ပိတ်ထားမည်ဟုသိရသည်။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက ရွေးကောက်ပွဲကို နှောင့်ယှက်၍ ထိုင်းနိုင်ငံတွင်းသို့ ဝင်ရောက်လာမည့်အရေးကို စိုးရိမ်၍ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်သည် ထိုင်းအာဏာပိုင်များကဆိုသည်။ |
| ၁၀ | ၄.၁၁.၁၅ | DEMOCRACY Today အတွဲ(၂) အမှတ် (၂၉၈) Pg (6) | ပါတီ | **မွန်တိုင်းရင်းသားအများစုနေရာများ ပါတီကြီးများကို နိုင်နိုင်ဟု မွန်အမျိုးသားပါတီ ထုတ်ပြော**<br>လာမည့်ရွေးကောက်ပွဲတွင် မွန်အမျိုးသားပါတီအနေဖြင့် မွန်အမျိုးသားအများစုရှိသည့် နေရာများတွင် အဓိကပါတီကြီးနှစ်ခုဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ကို အနိုင်ရနိုင်သည်ဟု ပါတီဒုဥက္ကဋ္ဌ နိုင်ငွေသိန်းကပြောသည်။ အဆိုပါ ပါတီကြီးများအနေဖြင့် မြို့ကြီးနှင့် ရွာကြီးများပေါ်တွင်သာ စည်းရုံးရေးဆင်းနိုင်သည့်အနေအထားရှိပြီး ဝေးလံခေါင်သီသောနေရာများကို မသွားနိုင်သဖြင့် ထိုသို့အနိုင်ရရန် အလားအလာနည်းခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ မွန်အမျိုးသားပါတီသည် မွန်ပြည်နယ် ၁၀ မြို့နယ်အနက်မှ ဘီးလင်းမြို့နယ်တစ်ခုမှလွဲပြီး အားလုံးဝင်ပြိုင်မည်ဖြစ်ပြီး ကျိုက်ထို၊ သထုံမြို့နယ်တို့မှအပ ကျန်မြို့နယ်များတွင် အနိုင်ရရှိမည်ဟု မျှော်လင့်ထားကြသည်။<br>Dawei Watch |
| ၁၁ | ၄.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၀) p (2) | USDP | **ပြည်ခိုင်ဖြိုးပါတီကော်ပုံးနှင့် လင်ပန်းအသုံးပြု မြိတ်တွင် မဲဆွယ်**<br>ယုဇနကုမ္ပဏီလုပ်ငန်းရှင် ဦးဌေးမြင့် ယှဉ်ပြိုင်မည့် မြိတ်မြို့နယ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကော်ပုံးနှင့် လင်ပန်းများကို တူရိယာပစ္စည်းအဖြစ် အသုံးပြုကာ နိုဝင်ဘာ ၃ ရက်တွင် မဲဆွယ်စည်းရုံးခဲ့သည်။ ပါတီ၏ ဒုတိယအကြိမ် အင်အားပြလှည့်လည်ပွဲတွင် လှယဉ်ကျေးမယ်များ၊ အမျိုးသား၊ အမျိုးသမီးအကများ၊ (ဒေသခေါ်ထန်းသုပ်)၊ ရုပ်သေးအကများ၊ ဦးရွှေရိုးအကနှင့် အခြားဖျော်ဖြေရေး အစီအစဉ်များ တင်ဆက်ပြသလှည့်လည်ခဲ့ရာတွင် လင်ပန်းနှင့် ကော်ပုံးတို့ပါ ဝင်လာသည်။ ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းသာလိုတော့ချိန်တွင် ပါတီ၏ ကိုယ်စားလှယ်လောင်းများကို လူပိုစိတ်ဝင်စားစေရန် ယခုကဲ့သို့ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေစည်းရုံးခြင်းဖြစ်ကြောင်း ပြည်ခိုင်ဖြိုးပါတီမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမိုးမြင့်ကပြောသည်။ |

| | | | | |
|---|---|---|---|---|
| | | | | Dawei Watch |
| ၁၂ | ၄.၁၁.၁၅ | 7 Day Daily No (907) p (A2) | ငြိမ်းချမ်းရေး | **မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း စစ်ရေးပဋိပက္ခများကို မြန်မာနှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ဖွဲ့ပြီး ဖြေရှင်းရန် ပန်ဆန်းညီလာခံအပြီး သဘောတူ**<br>မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ စစ်ရေးပဋိပက္ခများအတွက် မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့တို့ ဖွဲ့စည်းပြီး အမြန်ဆုံးဖြေရှင်းသင့်ကြောင်း နှစ်နိုင်ငံအစိုးရကို တိုက်တွန်းသည်ဟု သုံးရက်ကြာ ကျင်းပခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ညီလာခံအပြီးတွင် သဘောတူကြေညာခဲ့သည်။ ယခုအစည်းအဝေးဆုံးဖြတ်ချက်များကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပေးပို့သွားမည်ဖြစ်သည်။ လက်မှတ်ရေးထိုးသော ရှစ်ဖွဲ့တွင် မြန်မာ- ထိုင်းနယ်စပ်ရှိ အဖွဲ့များနှင့် မြန်မာ- အိန္ဒိယနယ်စပ်ရှိ အဖွဲ့များပါဝင်ပြီး မြန်မာ-တရုတ်နယ်စပ်ရှိ အဖွဲ့များပါဝင်ခြင်းမရှိပေ။ လက်ရှိအချိန်တွင် ကချင်နှင့် ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ သုံးရက်ကြာ အစည်းအဝေးပွဲအပြီး နိုဝင်ဘာ ၃ ရက် ညနေတွင် သဘောတူညီချက် (၇) ချက် ပါကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။<br>ငြိမ်းငြိမ်းပြည့် |
| ၁၃ | ၄.၁၁.၁၅ | Daily Eleven Pg (15) | ငြိမ်းချမ်းရေး | **တပ်မတော်ဘက်မှ မိုင်းရှူးတွင် တိုက်ပွဲအတုများ ဖန်တီးနေဟု SSPP တပ်ဖွဲ့ စွပ်စွဲပြောကြား**<br>ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးဒေသတွင် နိုဝင်ဘာ ၃ ရက်နေ့က မိုင်းရှူးမြို့နယ် မိုင်းအတ်တောင်ကုန်းနားတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း SSPP/ SSA တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး စိုင်းလကပြောကြားသည်။ SSPP ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော မိုင်းရှူးမြို့နယ် မိုင်းအတ်တောင်ကုန်းနားတစ်ဝိုက်တွင် နိုဝင်ဘာ ၃ ရက် နံနက် ၄ နာရီတွင် တပ်မတော်ဘက်မှ လက်နက်ကြီး ၁၂၀ မမ ကျည်ဆံ ၄၊ လုံးခန့် ထုခဲ့သည်ဟု ၎င်းကဆိုသည်။ ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာချိန် ထိုသို့ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းသည် စိုးရိမ်စရာကောင်းကြောင်း၊ မိမိတို့ဘက်တိုက်ပွဲဖြစ်ရန် ဆန္ဒမရှိသော်လည်း အစိုးရတပ်မတော်ဘက်မှ တိုက်ခိုက်လာလျှင် ပြန်လည်ခုခံသွားမည်ဖြစ်ကြောင်း ဗိုလ်မှူးကြီး စိုင်းလကဆိုသည်။ အောက်တိုဘာ ၂၉၊ ၃၀ ရက်များကလည်း ဝိန်းကောင်တပ်စခန်းတွင် SSPP တပ်ဖွဲ့ဘက်မှ အစိုးရတပ်မတော်အား ဝင်ရောက်တိုက်ခိုက်ပါသည်ဟူ၍ တိုက်ပွဲအတုများပြုလုပ်ကာ သတင်းအမှားများ ထုတ်ပြန်ခဲ့သည်ဟု ၎င်းကပြောသည်။ တပ်မတော်ဘက်မှ တိုက်ပွဲအတုများ ဖန်တီးဝါဒဖြန့် |

| | | | | |
|---|---|---|---|---|
| | | | | နေမှုနှင့်ပတ်သက်၍ ဒေါက်တာစိုင်းမောက်ခမ်းအား တရားစာ အကြောင်းကြားစာပေးပို့ထားသည်ဟု သိရသည်။<br>စည်သာ (တောင်ကြီး) |
| ၁၄ | ၄.၁၁.၁၅ | The Voice Daily Vol.3 No.180 Pg (4) | ငြိမ်းချမ်းရေး | **တပ်မတော်ထိုးစစ်များ ချက်ချင်းရပ်ပေးရန် NCA လက်မှတ်မထိုးသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတောင်းဆို**<br>အစိုးရတပ်မတော်အနေဖြင့် တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင်နေမှုများအား ချက်ချင်းရပ်တန့်ပေးရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကောင်းမွန်သည့်အခွင့်အရေးများ ဖော်ဆောင်ပေးရန် NCA လက်မှတ်မရေးထိုးသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက နိုဝင်ဘာ ၃ ရက်နေ့က ပန်ဆန်းဒေသတွင်ပြုလုပ်သည့် ညီလာခံနောက်ဆုံးနေ့တွင် သဘောထားထုတ်ပြန်တောင်းဆိုလိုက်သည်။ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရသစ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲကြီး အမြန်ဆုံးဖြစ်မြောက်သွားရန် ဆန္ဒရှိပါကြောင်းနှင့် အစိုးရသစ်အနေဖြင့် ပင်လုံစိတ်ဓာတ်နှင့် ကတိကဝတ်များကို ပြန်လည်တည်ဆောက်ပြီး ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို မဖြစ်မနေအကောင်အထည်ဖော်သွားရန်လည်း ထုတ်ပြန်ချက်တွင် တိုက်တွန်းထားသည်။ |
| ၁၅ | ၄.၁၁.၁၅ | 7 Day Daily No (907) p (A11) | ရခိုင် | **မိဘနှစ်ဦး နိုင်ငံသားမဟုတ်သော ကိုယ်စားလှယ်လောင်းကို ရွေးကောက်ပွဲဝင်ခွင့်ပြု၍ မောင်တောမြို့ခံသုံးရာကျော် ဆန္ဒထုတ် ဖော်**<br>မိဘနှစ်ဦး နိုင်ငံသားမဟုတ်၍ ခရိုင်နှင့် ပြည်နယ်ကော်မရှင်က ပယ်ချထားသည့် ကိုယ်စားလှယ်လောင်းတစ်ဦးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဝင်ခွင့် ပြုလုပ်ခြင်းကိုမကျေနပ်၍ မောင်တောမြို့ခံ ၃၀၀ ကျော်တို့သည် နိုဝင်ဘာ ၃ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်ပွဲကို မွန်းတည့် ၁၂ နာရီက မောင်တောမြို့ မြို့မကျောင်းတိုက်မှ စတင်ကာ မြို့ တစ်ပတ်လှည့်လည် ဆန္ဒဖော်ခွင့်ရရှိရန် အောက်တိုဘာ ၂၇ ရက်က သက်ဆိုင်ရာသို့ ခွင့်ပြုချက် တောင်းခံခဲ့ရာ နိုဝင်ဘာ ၂ ရက်က ခွင့်ပြုပေးခဲ့ကြောင်း ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ဦးစိန်လှဖြူကပြောသည်။ နိုင်ငံသားမဟုတ်သူများကို လွှတ်တော်တွင်းသို့ မရောက်ရန် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း၊ မောင်တောမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) က ပြည်နယ်လွှတ်တော်တွင် ယှဉ်ပြိုင်မည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက အမည်စာရင်းတင်သွင်းထားသူမှာ ဘင်္ဂါလီဖြစ်ပါကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ကမန်ဟုရေးထားပြီး ၎င်းတို့မိဘနှစ်ပါးမှာ တောင်တောမြို့နယ် ကြက်ရိုးပြင် ဘင်္ဂါလီရွာမှ ဘင်္ဂါလီများဖြစ်ကြောင်း |

| | | | | |
|---|---|---|---|---|
| | | | | ၎င်းကို မွေးဖွားချိန်တွင် မိဘနှစ်ပါးလုံးမှာ မြန်မာနိုင်ငံသားမဟုတ်ပါကြောင်း ဦးစိန်လှဖြူကဆိုသည်။<br>မောင်ကံ |
| ၁၆ | ၄.၁၁.၁၅ | The Voice Daily Vol.3 No.180 Pg (1, 3) | 8888 | **စနစ်ဆိုးကို တွန်းလှန်ရန် ပြည်သူတစ်ရပ်လုံး တက်ကြွနေခြင်းဖြစ်ဟု ဦးမင်းကိုနိုင် ပြော**<br>တိုင်းပြည်တွင် ခေတ်အဆက်ဆက် ဆိုးရွားသည့်စနစ်ဆိုး၏ဒဏ်ကို ခံခဲ့ရသောကြောင့် ယင်းစနစ်ဆိုးကို တွန်းလှန်နိုင်ရန်အတွက် အပြောင်းအလဲကိုလိုချင်နေသည့် ပြည်သူတစ်ရပ်လုံးယခုကဲ့သို့ အံ့နှင့်ကျင်းနှင့် တက်ကြွနေခြင်းဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးမင်းကိုနိုင်က နိုဝင်ဘာ ၃ ရက်နေ့က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့မအားကစားကွင်း၌ ပြုလုပ်သည့် NLD မဲဆွယ်စည်းရုံးပွဲတွင် ပြောကြားခဲ့သည်။ စနစ်ကောင်းပြီး တိုးတက်နေသည့် နိုင်ငံများတွင် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများအား လူထုမှ စိတ်ဝင်စားမှုအားနည်းသော်လည်း မြန်မာပြည်သူလူထုမှာမူ အံ့နှင့်ကျင်းနှင့် ထောက်ခံအားပေးလျက်ရှိကြောင်း၊ ယင်းကို ဝမ်းသားအားရ ဂုဏ်ယူမိကြောင်း ဦးမင်းကိုနိုင်ကဆိုသည်။ NLD ကိုယ်စားလှယ်လောင်းများအတွက် ၈၈ အဖွဲ့မှ ပါဝင်ဆောင်ရွက်နေခြင်းသည် ပြည်သူ့အမုန်တကယ်ရွေးချယ်တင်မြှောက်မည့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်စေလိုခြင်းကြောင့်ဖြစ်သည်ဟု ၈၈ မျိုးဆက်မှ ကိုဂျင်မီက ပြောကြားသည်။ |
| ၁၇ | ၄.၁၁.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၉၂၄) p (1,3) | မဘသ | **မဘသနှင့် အာဏာရပါတီကြား ဆက်စပ်မှု ဦးပါမောက္ခ မိန့်ကြား၎င်းတို့အကြား ဆက်စပ်မှုမရှိဟု မဘသနှင့် ပြည်ခိုင်ဖြိုး ငြင်းဆို**<br>အမျိုးစောင့်ဥပဒေများကို အစိုးရက အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးနောက် မဘသသည် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီ အနိုင်ရရှိရေးအတွက် အကူအညီများ ပေးလျက်ရှိကြောင်း ဆရာတော် ဦးပါမောက္ခက ရိုက်တာသတင်းဌာနတွင် ပြောသည်။ မျိုးစောင့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် မဘသနှင့် အစိုးရအကြား ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွင်း ပြုလုပ်ခဲ့သော တံခါးပိတ်ဆွေးနွေးပွဲများနှင့် ပတ်သက်၍လည်း အသေးစိတ်အချက်အလက်အချို့အား ပထမဆုံးအကြိမ် ထုတ်ဖော်ခဲ့ရာတွင် ဆရာတော် ဦးပါမောက္ခက မိန့်ကြားသည်။ သို့သော် မဘသ အဖွဲ့နှင့် ပါတီအကြား မည်သည့်အဆက်အစပ်မျှမရှိကြောင်း ပြည်ခိုင်ဖြိုးလွှတ်တော်အမတ်နှင့် ပါတီထိပ်တန်းခေါင်းဆောင်တစ် ဦးဖြစ်သည့် ဦးသာဝင်းကငြင်းဆိုသည်။ ဆရာတော် ဦးပါမောက္ခ ထုတ်ဖော်မိန့်ကြားခဲ့သော မဘသနှင့် အာဏာရပါတီအကြား ဆက်စပ်ပုံကို မဘသအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးသူရိန်စိုးက ငြင်းပယ်ခဲ့သည်။ မဘသအဖွဲ့၏ ဩဇာသည် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော NLD ပါတီ လွှတ်တော်၌ ကိုယ်စားလှယ်နေရာ |

| | | | | |
|---|---|---|---|---|
| | | | | အများစုမရရှိရန်နှင့် လက်ရှိအာဏာရပါတီ နိုင်ငံရေးမျက်နှာပန်းလှစေရန် ထောက်ခံမဲများ ဖွဲ့ထုတ်ရယူနိုင်ဖွယ်ရှိကြောင်း ရွေးကောက်ပွဲလေ့လာသူများက သုံးသပ်သည်။<br>ရိုက်တာ |
| ၁၈ | ၄.၁၁.၁၅ | လူထုပုံရိပ် Vlo (4) No (7) p (17) | မဘသ | **အမျိုးဘာသာအရေး လှုပ်ရှားမှုကို အနှောက်အယှက် ပေးမည်ဟု သတင်းထွက်ပေါ်**<br>မန္တလေးတိုင်းဒေသကြီးအတွင်း မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂ (မန္တလေး) ဦးဆောင်အဖွဲ့မှ ဦးဆောင်၍ ပြုလုပ်လျက်ရှိသော အမျိုးဘာသာရေးလှုပ်ရှားမှုကို အနှောင့်အယှက်ပေးမည်ဟု သတင်းထွက်ပေါ်နေကြောင်း မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂ (မန္တလေး) အဖွဲ့မှ အထွေထွေ အတွင်းရေးမှူး ဆရာတော် ဦးစန္ဒာသီရိကပြောသည်။ မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂ (မန္တလေး) အဖွဲ့မှ အောက်တိုဘာ ၂၄ ရက်နေ့က တောင်သာမြို့တွင် အမျိုးဘာသာရေးလှုပ်ရှားမှုပြုလုပ်စဉ် ဆရာတော်တစ်ပါးမှ လာရောက်ဟန့်တားမှု ရှိခဲ့သည်ဟု သိရသည်။<br>နေမင်း |

ONLINE NEWS

U THEIN SEIN

**နိုင်ငံတော် သမ္မတ ရခိုင်ရှေးဟောင်းစေတီတွင် ထီးတော်တင်**

4.11.2015

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာလ ၃ ရက်နေ့ကမြောက်ဦးမြို့သို့ရောက်ရှိလာပြီးရှေးဟောင်းစေတီတစ်ဆူဖြစ်သော မဟာပညာကျော် စေတီအား ထီးတော်တင်ခဲ့ သည်။ ပြီးနောက် ခရိုင်ရုံး တွင် မြို့မိမြို့ဖ ၊ အစိုးရ ဝန်ထမ်း များ ဒေသခံ များနှင့်တွေ့ဆုံပြီး အဓိကအနေဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ပြောကြားသွားသည်။ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီးပြောဆိုခဲ့ခြင်း မရှိပါဟု မြောက်ဦး ဒေသခံ တစ်ဦးမှပြောသည်။သမ္မတ နှင့် အတူ ကာကွယ်ရေးဦးစီးချုပ် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလာခဲ့ကြသည်။ အလားတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဟောင်း ဦးမောင်မောင်အုန်း သည်လည်း အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ်မှ နာမည်ကြီး ပေါက်တောမြို့နယ်မှ ဆံတော်ရှင် စေတီတော်ကို ထီးတော်တင်ခဲ့ပြီး ယင်းမတိုင်မီကလည်း ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာအနီး ရှေးဟောင်း စေတီ တစ်ဆူအား ထီးတော် တင်ခဲ့သည်။ Arakan State Facebook

## THURA U SHWE MANN

## " သူရဦးရွှေမန်းကို ပြည်ခိုင်ဖြိုးပါတီမှ ထုတ်ပယ်လိုက်ပြီဟုဆို"

4.11.2015

သူရဦးရွှေမန်းအားယ နေ့တွင် ပါတီမှ အပြီးတိုင် ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်းသတင်းရရှိပါသည်။ ယမန်နေ့ နိုဝင်ဘာ ၃ ရက်နေ့ညကတွင်ပြုလုပ်သည့် ပြည်ခိုင်ဖြိုးပါတီ ထိပ်တန်းခေါင်းဆောင်များ သာ ပြုလုပ်သည့်အစည်းအဝေးဆုံးဖြတ်ချက်ဖြစ်သည်ဟု ပါတီထိပ်တန်းခေါင်းဆောင်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။

## ပါတီမှထုတ်ပယ်သည့် သတင်းသူရဦးရွှေမန်းမသိရသေးဟု ကိုယ်ရေးအရာရှိပြော

4.11.2015

သူရဦးရွှေမန်းကို ပြည်ခိုင်ဖြိုးပါတီမှထုတ်ပယ်သည်ဆိုသည့် သတင်းၾင်းတို့ကိုယ်တိုင်ပင်မသိသေးကြောင်းသူရဦးရွှေမန်း၏ ကိုယ်ရေးအရာရှိဖြစ်သူ ဦးအောင်ဇင်းသိန်းကပြောသည်။ ကိုယ်ရေး အရာရှိ အပြင် ၎င်းအနီးတွင်အတူရှိနေကြသည့် အောင်နိုင်ရေးအဖွဲ့ဝင်အချို့လည်း ပြည်ခိုင်ဖြိုးပါတီက ထုတ်ပယ်သည်ဆိုသည့်အကြောင်းကိုသူရဦးရွှေမန်းကိုယ်တိုင်နှင့် ၎င်း၏ကိုယ်ရေးအရာရှိတို့ကလည်းပြောဆိုခြင်းမရှိကြောင်း ပြောသည်။ ပါတီ ဗဟိုဌာနချုပ် အုပ်ချုပ်မှုရေးရာဌာန ဌာနမှူး ဦးတင်ဌေးကသူရဦးရွှေမန်းကို ထုတ်ပယ်သည့်တရားဝင် ထုတ်ပြန်ရန် ပါတီမှ အသိပေးခြင်းမရှိကြောင်းနှင့်ယင်းသတင်းကိုလည်း လက်ခံရရှိမှု မရှိသေးကြောင်း မဇ္ဈိမကို နိုဝင်ဘာ ၄ရက် နေ့လည်တွင် ပြောသည်။ ဟိန်းကိုစိုး

http://mizzimaburmese.com/article/6922#sthash.bSrBpEeB.s67pIbc4.dpuf

## MILITARY

## ပြည်ပနိုင်ငံအဖွဲ့အစည်းနှင့် ဆက်သွယ်မှုမရှိသူကို မဲပေးရန် ကာချုပ်ထပ်မံသတိပေး

4.11.2015

သမ္မတနှင့်အတူ ရခိုင်ပြည်နယ် ခရီးစဉ်ကို လိုက်ပါနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည်အနောက်ပိုင်း စစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံရာ၌ "နိုင်ငံရေးနှင့်ပတ်သက်ပြီးမကြာမီ ကိုယ်တိုင်ရွေးချယ်ပေးကြရတော့ မည်ဖြစ်၍ ရွေးချယ်မှုမှန်ကန်ရန်လိုအပ်ကြောင်း၊တိုင်းပြည်ကိုခေါင်းဆောင်နေသူ သည် နိုင်ငံနှင့်ဒေသကိုဖွံ့ဖြိုးအောင်လုပ်မည့်သူ၊ဒို့တာဝန် အရေးသုံးပါး ကာကွယ်စောင့်ရှောက်မည့်သူ၊တပ်မတော် အပေါ်နားလည်မှုရှိသူ၊အမြင်လေးမြင်ရှိသူ၊ အမျိုးဘာသာသာသနာနှင့်ပတ်သက်ပြီး မှန်မှန်ကန်ကန်နှင့်စနစ်တကျ ထိန်းသိမ်း စောင့်ရှောက် နိုင်သူ ၊ နိုင်ငံခြား သား၊ နိုင်ငံခြား တိုင်းပြည် အဖွဲ့အစည်း တစ်ခုခုဖြင့် တစ်နည်းနည်း ဖြင့် ဆက်သွယ် မှုမရှိသူ၊ လွှမ်းမိုးမှု မရှိသူဖြစ်ရန်လိုကြောင်း"ထပ်မံသတိပေးပြောကြားလိုက်သည်။ယခုကဲ့သို့ ပြောဆိုမှု သည်စတုတ္ထအကြိမ်ဖြစ်ပြီး၊စက်တင်ဘာလအတွင်း စစ်ဦးစီး၊စစ်ရေး၊စစ်ထောက် ညှိနှိုင်းအစည်းအဝေးတွင်တကြိမ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် တကြိမ်၊ ကယားပြည်နယ်ခရီးစဉ်တွင် တကြိမ် ပြောခဲ့ပြီးဖြစ် သည်။ပထမ အကြိမ်တွင်မိမိနိုင်ငံ၊ မိမိဒေသအတွက်ကောင်းအောင်ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးအားသိရှိ နားလည် စောင့်ထိန်း နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊အုပ်ချုပ်ရေး၊ကာကွယ်ရေးအမြင်လေးမြင်ရှိပြီးတပ်မတော်အပေါ် နားလည်

မှု ရှိသူဖြစ်စေလိုသည် ဟု ပြောဆို သော်လည်း နောက်ပိုင်း ကာကွယ်ရေး တက္ကသိုလ်၌ ပြောကြား သည့် မိန့်ခွန်း မှစတင်ကာအမျိုးဘာသာသာသနာကိုထိန်းသိမ်းစောင့်ရှောက်သူ၊ နိုင်ငံခြားသား၊ နိုင်ငံခြားတိုင်းပြည် အဖွဲ့ အစည်း တခုခုဖြင့် တစ်နည်းနည်းဖြင့် ဆက်သွယ်မှုမရှိသူ၊ လွှမ်းမိုးမှု မရှိသူဖြစ်ရန် လိုကြောင်း ထည့်သွင်း ပြောဆို လာခြင်း ဖြစ် သည်။ ထိုအပြင် ယခုခရီးစဉ်တွင် တိုင်းရင်းသားများ ဝန်းရံထား သည့် ပြည်ထောင်စု နိုင်ငံဖြစ်၍ ပြည်ထောင်စု အပြိုကွဲ မခံနိုင်ကြောင်းလည်း ထည့်သွင်းပြောဆိုသွားသည်။ Popular News Journal

http://burma.irrawaddy.org/short-news/2015/11/04/98652.html

## PEACE/ARM CONFLICT

### အပစ်ရပ်လက်မှတ်မထိုးတဲ့ လက်နက်ကိုင်အဖွဲ့တွေ ပန်ဆန်းမှာတွေ့

4.11.2015

NCA လက်မှတ်ရေးထိုးရန် ကျန်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးအား UWSA ဝ,ပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် ဌာနချုပ်ရှိရာ ပန်ဆန်းမှာ နိုဝင်ဘာလ ၁ ရက် မှ ၃ ရက်နေ့အထိ ပြုလုပ်ခဲ့ သည်။ ဆွေးနွေးပွဲ နောက်ဆုံး နေ့တွင် တက်ရောက် သည့် တိုင်းရင်း သား ခေါင်းဆောင်များမှ အချက် ၇ ချက်ပါ ကြေညာချက်တစောင် ထုတ်ပြန် သည်။၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ ကြီးကို ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ကြီးကြပ်မှုအောက်တွင်ပွင့်လင်းမြင် သာပြီးတရား မျှတမှုရှိရှိကျင်းပရန်တိုက်တွန်း ကြောင်း၊ အစိုးရတပ်များထိုးစစ်ရပ်တန့်ပေးရန်ကြေညာချက်တွင်တောင်းဆိုထား သည်။ရွေးကောက်ပွဲအပြီးထွက်ပေါ်လာမည့်အစိုးရသစ်မှဖယ်ဒရယ်ပြည်ထောင်စု မဖြစ်မနေဖော်ဆောင်ပေးရန် ၊ တရုတ်-မြန်မာနယ်စပ်၌ဖြစ်ပွားနေသည့်စစ်ရေးပဋိပက္ခဖြေရှင်းရန်အစိုးရ၊စစ်တပ်နှင့်တိုင်းရင်းသားကိုယ်စားလှယ် များနှင့် တရုတ် အာဏာပိုင်များ ညှိနှိုင်း ဖြေရှင်းရန် လည်း တောင်းဆို ထား သည်။ ညီလာခံသို့ KIO၊ MNDAA ကိုးကန့်အဖွဲ့၊ NMSP မွန်ပြည်သစ်ပါတီ၊ ရခိုင်တပ်မတော် Arakan Army၊ရှမ်းပြည်တိုးတက်ရေးပါတီSSPP- SSA မြောက်ပိုင်းနှင့် နော်စီဖိုးရာစိန် ဦးဆောင်သည့် KNU ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။
https://www.facebook.com/BurmeseTV.RFA/videos/764167767039899/

http://mizzimaburmese.com/article/6897

### အစိုးရနှင့် အပစ်ရပ် လက်မှတ် မထိုးသည့် တိုင်းရင်းသားမဟာမိတ်အဖွဲ့ ပေါ်ပေါက်လာနိုင်

4.11.2015

ပန်ဆန်းမြို့တွင် ကျင်းပ ပြီးစီးသွားခဲ့ပြီ ဖြစ်သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ခေါင်းဆောင်များ ထိပ်သီး အစည်း အဝေးမှတဆင့် မြန်မာနိုင်ငံ၏ အကြီးဆုံး တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့ ၂ ခုဖြစ်သည့်(UWSA) နှင့် အမျိုးသာ ဒီမိုကရေစီ မဟာမိတ်တပ်မတော်(NDAA)တို့ အပါအဝင်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ၏ မဟာမိတ်တပ်ပေါင်းစု အသစ်တခု ပေါ်ပေါက်လာနိုင်ကြောင်း သိရသည်။ အဖွဲ့သစ်၏ အမည်ကို ဆုံးဖြတ်ရ ခြင်း မရှိသေးသော်လည်းမဟာမိတ်အဖွဲ့တွင် အဖွဲ့တခုစီမှကိုယ်စားလှယ် ၂ ဦးစီ ခန့်အပ် တာဝန်ပေးသွားမည် ဟု သိရသည်။နှစ်ပေါင်းများစွာ အတွင်း မြန်မာနိုင်ငံမှ တိုင်းရင်သားလက်နက်ကိုင် အဖွဲ့များက မဟာမိတ် အဖွဲ့

အစည်းအမျိုးမျိုးဖွဲ့စည်းခဲ့ ကြပြီး ယခု အခါတွင်UWSA နှင့် NDAA တို့ ပါဝင်လာခြင်းကသိသာသည့်တိုးတက်မှု ဖြစ်သည်ဟု TNLA မှဒုဗိုလ်မှူးကြီး တာဘုန်းကျော် ကပြောသည်။ လဂီဂမ်

http://burma.irrawaddy.org/news/2015/11/04/98680.html

## SSPP/SSAနဲ့ အစိုးရစစ်တပ် တိုက်ပွဲဖြစ်ပွား

4.11.2015

ရှမ်းပြည်တောင်ပိုင်း မိုင်းရှူးနှင့် ကျေးသီးမြို့နယ် မှ ကျေးရွာ များတွင် အစိုးရတပ် နှင့် SSPP/SSA တပ် တိုက်ပွဲ ဖြစ်ပွားနေသော ကြောင့် ဒေသခံ လေးထောင်ခန့် ထွက်ပြေး တိမ်းရှောင် ရပြီး၊ မြို့ပေါ် ရပ်ကွက်များ ရှိ ဘုန်းကြီး ကျောင်းများနှင့် စာသင်ကျောင်းများတွင် ခိုလှုံနေကြသည် ။

https://www.facebook.com/BurmeseTV.RFA/videos/764049487051

## တပ်မ(၉၉) မှTNLA တပ်ရင်း ၇၇၇ ဌာနချုပ် အပါအဝင်TNLAသောင်းကျန်းသူအဖွဲ့သင်တန်းကျောင်း အား ၄ ရက်အတွင်း တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့

3.11.2015

ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ် လွယ်ကန်တောင်ကြောတစ်လျှောက်တွင်TNLAတပ်မဟာ(၅)နယ်မြေ တပ်ရင်း(၇၇၇)အချိန်ကြာမြင့်စွာပြင်ဆင်တည်ဆောက်ထားရှိသည့်ခြေကုပ်စခန်းများ အပါအဝင် TNLA အဖွဲ့၏ သင်တန်းကျောင်းအားအောက်တိုဘာလ၃ဂရက်နေ့မှစတင်၍တပ်မ(၉၉)လက်အောက်ခံတိုက်ခိုက်ရေး တပ်များ မှ အပြင်းအထန် တိုက်ခိုက်ပြီး TNLA အဖွဲ့၏ စခန်းများသိမ်းယူရရှိသည်။ ကျော်စွာ

ရန်ကုန်သတင်းစာမျက်နှာများ

## MA BA THA

## မျိုးစောင့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် အာဏာရပါတီ အစိုးရနှင့် မဘသအဖွဲ့တို့၏ တံခါးပိတ် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ဟု ဦးပါမောက္ခ ပြော

4.11.2015

မျိုးစောင့်ဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ရန် အစိုးရက တွန်းအားပေး ဆောင်ရွက်ခဲ့သဖြင့် မဘသ က လာမည့် ရွေးကောက်ပွဲတွင် အာဏာရပါတီ အနိုင်ရရန် ကူညီ နေခြင်းဖြစ်သည်ဟု မဘသ ပူးတွဲ တည်ထောင်သူ တစ်ဦး ဖြစ်သော ဦးပါမောက္ခမှ ရိုက်တာသို့ ပြောကြားသည်။မဘသအဖွဲ့သည်ရွေးကောက်ပွဲမတိုင်မီဟောပြောလှုပ်ရှား မှုများ အများအပြား ပြုလုပ်နေပြီး နောင်တက်မည့် အစိုးရ၏ ပုံစံအပေါ် သက်ရောက်မှု ရှိနိုင်သည်ဟု ခံယူထား သည်။ကြံ့ခိုင်ရေးပါတီမှ အရာရှိဖြစ်သူ ဦးသာဂင်းမှ ပါတီ သည် မဘသအဖွဲ့နှင့်မည်သည့် ဆက်နွယ်မှုမျှမရှိဟု ငြင်းဆိုခဲ့သည်။ ဦးပါမောက္ခ၏ ပြောကြားချက်ကို မဘသအဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးသူရိန်စိုး မှလည်း ငြင်းဆိုခဲ့ သည်။ မြန်မာနိုင်ငံတွင် မဘသ၏လွှမ်းမိုးနိုင် စွမ်းသည် NLD အား လွှတ်တော်တွင် နေရာ အများစုအနိုင်ရခြင်း

မရှိစေရန်တားဆီးနိုင်ပြီးရွေးကောက်ပွဲတွင်ကြံ့ခိုင်ရေးပါတီအရှက်တကွဲရှုံးနိမ့်ခြင်းမကြုံရန်ကယ်တင်နိုင်မည်ဟု ပြည်ခိုင်ဖြိုး ပါတီက ယူဆထားခဲ့သည်ဟု ဦးပါမောက္ခက ဆိုသည်။ NLD မှ ဦးဂင်းထိန်အား မေးမြန်းသည့်အခါ ဘုရားဟောအရ ဘုန်းကြီးများ နိုင်ငံရေး မလုပ်သင့်ပါ ကြားနေ သင့်ပါသည် ဟု ပြောကြား ခဲ့ သည်။ မျိုးစောင့် ဥပဒေများကို NLD မှ မထောက်ခံသဖြင့် ပစ်မှတ်ထား တိုက်ခိုက်နေခြင်းဖြစ်သည်ဟု ဦးဂင်းထိန်က ပြောကြား ခဲ့သည်။KHTun

The Ladies News Journal
http://www.themeltingpot4u.com/2015/11/blog-post_47.html

## မဘသလုပ်ဆောင်ချက်မျိုး ထိုင်းမှာလည်း လုပ်ရှားနေ

4.11.2015

မြန်မာနိုင်ငံတွင် မဘသက မျိုးစောင့်ဥပဒေ ပြဌာန်းနိုင်ခဲ့ ပြီးနောက် ထိုင်းနိုင်ငံမှ ဗုဒ္ဓဘာသာဝင် အချို့လည်း ဗုဒ္ဓဘာသည် ထိုင်း၏နိုင်ငံတော် ဘာသာ ပြဌာန်းနိုင်ရန် ကြိုးစား နေကြပါ သည်။ ထိုင်း နိုင်ငံတွင် စစ်တပ် အာဏာသိမ်းပိုက်ပြီးနောက် ပြည်သူ ကြိုက်နှစ်သက်မှုနည်းပါးချိန် မျက်နှာရလာရန် ဘာသာရေးကိုအသုံးချ လုပ်ဆောင်မည်ကိုလည်း ကျွမ်းကျင်သူများမှ စိုးရိမ်နေကြပါ သည်။ ယခုလောလောဆယ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲနေပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ထဲ့သွင်းရေးဆွဲရန်ဗုဒ္ဓဘာသာတချို့မှလိုလား နေကြသည်။မွတ်စလင်များ ထိုင်းနိုင်ငံ အနံ့တွင်မြေယာများ ဝယ်ပြီးဗလီဆောက်ရန်စီစဉ်နေသည့်အတွက် ဗုဒ္ဓဘာသာ မပျောက်ကွယ်သွားအောင် ကာကွယ်ကြဟု သတင်းဖြန့်ပြီး လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။
http://news.yahoo.com/spurred-myanmar-radicals-thai-buddhists-push-state-religion-235752784.html

ABC Radio Australia

http://www.radioaustralia.net.au/burmese